# မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့၏လုပ်ငန်း

## မကြာခဏမေးမြန်းလေ့ရှိသောမေးခွန်းများ

## မြန်မာနိုင်ငံအတွင်း အကူအညီရယူခြင်း

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်မှာ နှစ်ပေါင်း ၄၀ ရှိပြီဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခ၊ အခြားသောအကြမ်းဖက်မှု အခြေအနေများနှင့် သဘာဝဘေးတို့ကြောင့် ထိခိုက်ခံစားရသူများကို ထောက်ပံ့ကူညီလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံ၏ ဒေသအသီးသီးတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အထူးလိုအပ်လျက်ရှိသည့် မြန်မာနိုင်ငံ အလယ်ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့တောင်ဘက်ပိုင်းတို့တွင် အဓိကထား ဆောင်ရွက်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် အာရှတွင်း အိုင်စီအာရ်စီ၏ ဒုတိယအကြီးဆုံး လုပ်ငန်းဆောင်ရွက်ရာနေရာ ဖြစ်ပါသည်။

### မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့အား ဆက်သွယ်ရန်

**လိပ်စာ**

အမှတ် ၂(ဂ)-၅၊

ဒေါက်တာဘဟန်လမ်း၊

ကမ္ဘာအေးဘုရားလမ်း၊ ၈ မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်းနံပါတ်**

+၉၅ ၁ ၈၆၆၂ ၆၁၃၊ ၈၆၆၄ ၅၂၄၊ ၈၆၆၃ ၃၃၀

**ရုံးချိန်**

မနက် ၈နာရီခွဲ မှ ညနေ ၅နာရီထိ

**ကျွန်ုပ်တို့အကြောင်းသိရှိနိုင်ရန်**

Facebook

# အသုံးဝင်သော သတင်းအချက်အလက်များ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများသည် လိုအပ်နေသူများ အားလုံးထံသို့ ရောက်ရှိနိုင်ရန် သိသာထင်ရှားသည့် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သို့သော်လည်း ကူညီပံ့ပိုးရန်ဟူသည့် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်သည် အမြဲ မပြောင်းလဲဘဲ ရှိနေပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက ပံ့ပိုးလျက်ရှိသည့် ဝန်ဆောင်မှုများ အားလုံးသည် အခမဲ့ဖြစ်သည်ကို သတိပြုရန် လိုအပ်ပါသည်။ အိုင်စီအာရ်စီနှင့်အတူ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ဟု ပြောဆိုသော တစ်စုံတစ်ယောက်က သင့်အား အကူအညီအတွက် ငွေကြေး သို့မဟုတ် အခြားအခွင့်အရေး တစ်စုံတစ်ရာနှင့် အလဲအလှယ်ပြုရန် တောင်းဆိုလာခဲ့ပါက ကျေးဇူးပြု၍ ထိုအကြောင်းကို မြေပြင်တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့အဖွဲ့ထံသို့ သတင်းပေးပို့ပါ။

## - အိုင်စီအာရ်စီက ကျွန်ုပ်အား မည်ကဲ့သို့ ကူညီနိုင်သနည်း။

ကျွန်ုပ်တို့၏ အဖွဲ့များသည် မြန်မာနိုင်ငံ၏ ဒေသတော်တော်များများတွင် လုပ်ငန်းဆောင်ရွက်ပါသည်။ အထူးသဖြင့် ရောက်ရှိရန်ခက်ခဲပြီး ပဋိပက္ခဒဏ်ခံနေရသည့် ရပ်ရွာအသိုင်းအဝိုင်းများတွင် ဦးစားပေး ဆောင်ရွက်ပါသည်။ ၂၀၂၅ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများတွင် ရပ်ရွာလူထုများသည် အရေးပေါ်ကယ်ဆယ်ရေးအနေအထားမှ ပြန်လည်ထူထောင်ရေး အခြေအနေသို့ ကူးပြောင်းခဲ့ပြီဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အခြားဒေသခံ တုံ့ပြန်ကူညီသူများ နှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအား ထောက်ပံ့ကူညီလျက်ရှိပါသည်။

လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဒေသများတွင် ကျွန်ုပ်တို့သည် ရပ်ရွာလူထုများအား နေ့စဉ်မရှိမဖြစ်လိုအပ်သည့်အရာများနှင့် ပေါက်ကွဲမှုဘေးအန္တရာယ်များ နှင့် သက်ဆိုင်သည့် အရေးကြီးသည့် သတင်းအချက်အလက်များကို ပံ့ပိုးပါသည်။ ဖြစ်နိုင်သည့်အချိန်တိုင်းတွင် ကျွန်ုပ်တို့သည် ရပ်ရွာလူထုများအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အစပြုနိုင်ရန် အားပေးတိုက်တွန်း ပါသည်။

ထို့ပြင် ကျွန်ုပ်တို့သည် ဆေးရုံနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အဦများအတွက် ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများကို ထောက်ပံ့ပါသည်။ မသန်စွမ်းသူများသည် အရိုးအကြောဆိုင်ရာ အထူးပြုလုပ်ထားသောဖိနပ်များနှင့် သွားလာရေးအထောက်အကူပြုပစ္စည်းများကို ကျွန်ုပ်တို့၏ ကိုယ်ကာယပြန်လည် သန်စွမ်းရေးအစီအစဉ်မှတဆင့် ရယူနိုင်ပါသည်။

ကျွန်ုပ်တို့သည် မိသားစုများကို ထိန်းသိမ်းခံထားရသည့် ၎င်းတို့၏ ဆွေမျိုးများထံသို့ သွားရောက် တွေ့ဆုံနိုင်ရန် ကူညီပြီး၊ အချုပ်အနှောင်မှ ပြန်လည်လွတ်မြောက်လာသူများကို ၎င်းတို့၏ နေအိမ်သို့ ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်စေရန် ထောက်ပံ့ကူညီပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ပျောက်ဆုံးနေသောသူများ၏ကံကြမ္မာနှင့် ၎င်းတို့ ဘယ်ဆီဘယ်ဝယ်တွင်ရောက်ရှိနေကြောင်း ရှင်းရှင်းလင်းလင်း သိရှိနိုင်စေရန် ဆောင်ရွက်ပြီး၊ ဖြစ်နိုင်သည့် အချိန်တိုင်းတွင် မိသားစုများ ပြန်လည်ပေါင်းဆုံနိုင်စေရန် ကူညီပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများနှင့်အတူ လက်တွဲကာ ကျွန်ုပ်တို့သည် အရေးပေါ်အခြေအနေများတွင် လူထုအား ကူညီလျက်ရှိသူများအတွက် ရှေးဦးပြုစုခြင်းနှင့် ဆေးရုံမတိုင်မီ လူနာအား ပြုစုစောင့်ရှောက်မှုပေးခြင်း သင်တန်းများကို စီစဉ်ပေးပါသည်။

## - မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီကို မည်ကဲ့သို့ ဆက်သွယ်နိုင်မည်နည်း။

+၉၅ ၉ ၇၇ ၆၆၆ ၂၅၅၅ သို့ ဖုန်းခေါ်ဆို၍ အိုင်စီအာရ်စီကို ဆက်သွယ်နိုင်ပါသည်။
ရုံးဖွင့်ချိန်မှာ တနင်္လာနေ့မှ သောကြာနေ့၊ မနက် ၈နာရီမှ ညနေ ၄နာရီခွဲအထိ ဖြစ်ပါသည်။
ထို့ပြင် အိုင်စီအာရ်စီ မြန်မာဖေ့စ်ဘွက်ခ်စာမျက်နှာ သို့ သတင်းစကားပေးပို့နိုင်ပါသည်။

## - ကျွန်ုပ်၏ မိသားစုဝင်တစ်ဦးနှင့် အဆက်အသွယ်ပြတ်တောက်နေပါသည်။ အိုင်စီအာရ်စီက မည်ကဲ့သို့ ကူညီနိုင်မည်နည်း။

အကယ်၍ သင်သည် မြန်မာနိုင်ငံတွင်ရှိနေပါက၊ ဖုန်းနံပါတ် +၉၅ ၉ ၇၇ ၆၆၆ ၂၅၅၅ သို့ ဖုန်းခေါ်ဆို၍ အိုင်စီအာရ်စီကို ဆက်သွယ်နိုင်ပါသည် (သို့မဟုတ်) မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) ဖုန်း +၉၅ ၉၉၅ ၇၅၅ ၇၀၀၀ သို့လည်း ဆက်သွယ်နိုင်ပါသည်။

အကယ်၍ သင်သည် မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေပါက ကျေးဇူးပြု၍ သင်နှင့်အနီးဆုံးတွင်ရှိသည့် ကြက်ခြေနီ (သို့မဟုတ်) လခြမ်းနီအသင်းများ (သို့မဟုတ်) အိုင်စီအာရ်စီရုံးတို့အား ဆက်သွယ်နိုင်ပါသည်။ လမ်းညွှန်ကို ဤနေရာတွင် ရှာဖွေနိုင်ပါသည်။

## - လူနာတင်ယာဉ်လိုအပ်နေပါသည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) သည် အရေးပေါ်နှင့် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ကူညီရာတွင် ဦးဆောင်ဦးရွက်ပြုသူအနေဖြင့် ဆောင်ရွက်ပါသည်။ ထို့ပြင် ၎င်းတို့သည် အချို့နေရာများတွင် လူနာတင်ယာဉ်ဝန်ဆောင်မှုကို ပေးအပ်လျက်ရှိပါသည်။

📞 MRCS ၏ လူနာတင်ယာဉ်ဝန်ဆောင်မှု +၉၅ ၉ ၆၆၉ ၉၅၈ ၈၅၈

ပိုမိုသိရှိလိုပါက သို့မဟုတ် သင်နှင့်အနီးစပ်ဆုံးအသင်းခွဲကို ဆက်သွယ်ရန်၊ ကျေးဇူးပြု၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖေ့စ်ဘွက်စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ပုံ

## - အိုင်စီအာရ်စီသည် လက်ရှိ မြန်မာနိုင်ငံတွင် မည်သည်တို့ကို ဆောင်ရွက်လျက်ရှိသနည်း။

အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတစ်ဝန်းရှိ လက်နက်ကိုင်ပဋိပက္ခ၊ အခြားသောအကြမ်းဖက်မှုအခြေအနေများနှင့် သဘာဝဘေးများကြောင့် ထိခိုက်ခံစားရသူများကို ပံ့ပိုးကူညီလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ တုံ့ပြန်ကူညီမှုသည် အရေးပေါ်အကူအညီနှင့် ရေရှည်အထောက်အပံ့ကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အကျပ်အတည်းကာလများတွင် အဆောတလျင်လိုအပ်ချက်များကို ဖြေရှင်းနိုင်စေရန် အစားအစာနှင့် အိမ်ထောင်စုသုံးပစ္စည်းများကို ပေးဝေပြီး၊ ရေရှည်အတွက်မူ မိသားစုများ၏ ဝင်ငွေရှာဖွေနိုင်စွမ်းကို ပြန်လည်တည်ဆောက်နိုင်စေရန် ထောက်ပံ့ကူညီပါသည်။

ကျွန်ုပ်တို့၏လုပ်ငန်းတွင် သန့်ရှင်းသည့်ရေ နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ ရရှိနိုင်ရန် ထောက်ပံ့ကူညီခြင်း၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအား လေးစားလိုက်နာမှု ပိုမိုလာစေရန် အားပေးမြှင့်တင်ခြင်း နှင့် စစ်ကျန်လက်နက်ပစ္စည်းများနှင့်ညစ်ညူးခြင်းဆိုင်ရာ ဘေးအန္တရာယ် အသိပညာများ မြှင့်တင်ရန်တို့ ပါဝင်ပါသည်။

ကျွန်ုပ်တို့သည် အကျဉ်းထောင်များသို့ သွားရောက်လေ့လာလည်ပတ်ပြီး၊ အကျဉ်းသားအားလုံးအပေါ် လူသားဆန်သည့်ပြုမူဆက်ဆံမှုများရှိစေရန်၊ သင့်တော်လုံလောက်သည့်နေထိုင်မှုအခြေအနေများနှင့် မိသားစု အဆက်အသွယ်များရရှိကြောင်း သေချာစေရန် အကျဉ်းထောင်ဆိုင်ရာ တာဝန်ရှိသူများနှင့် ထိတွေ့ဆက်သွယ် ဆောင်ရွက်ပါသည်။ အကျဉ်းသားအားလုံးထံသို့ ရောက်ရှိနိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း တိကျသည့် နေရာများသို့ သွားရောက်လေ့လာလည်ပတ်နိုင်စွမ်းမှာမူ တာဝန်ရှိသူများနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် ဆက်လက်ဆွေးနွေးမှုများနှင့် သဘောတူခွင့်ပြုချက်ပေါ်တွင် မူတည်ပါသည်။

## - ၂၀၂၅ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစတင်၍ အိုင်စီအာရ်စီ၏ အရေးပေါ်တုံ့ပြန်အကူအညီမှာ မည်ကဲ့သို့ရှိသနည်း။

လွန်ခဲ့သည့်နှစ်အတွင်း အိုင်စီအာရ်စီသည် ငလျင်ဒဏ်သင့်ခဲ့သည့် ဒေသများရှိ လူပေါင်း ၃၀၀,၀၀၀ ကျော်ထံသို့ ရောက်ရှိခဲ့ပြီး နေထိုင်ရန်အမိုးအကာ၊ သန့်ရှင်းသည့်ရေ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အစားအစာနှင့် လူမှုစီးပွားရေးဆိုင်ရာ အထောက်အပံ့တို့ကို ပေးအပ်ခဲ့ပါသည်။ ဤပံ့ပိုးမှုသည် ယခုနှစ်များအတွင်း မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့ဆောင်ရွက်ခဲ့သည့် အရေးပါဆုံးနှင့် သိသာထင်ရှားမှုအရှိဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်အကူအညီဖြစ်ပါသည်။

အိုင်စီအာရ်စီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် မိတ်ဖက်အမျိုးသားအသင်းများ အတူတကွပါဝင်သည့် ကြက်ခြေနီလှုပ်ရှားမှုသည် ငလျင်ဒဏ်သင့်ခဲ့သည့် ဒေသများရှိ လူပေါင်း ၅၀၀,၀၀၀ ကျော်ထံသို့ ရောက်ရှိခဲ့ပါသည်။

သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများဖြစ်သည့် အိမ်များပြုပြင်ပြင်ဆင်နိုင်ခဲ့ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထိန်းသိမ်းနိုင်ခြင်း နှင့် အရေးကြီးသည့် အခြေခံဝန်ဆောင်မှုများ ရရှိမှု ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော်လည်း ပြန်လည်ထူထောင်ရေးမှာ ထိခိုက်လွယ်ပြီး၊ ပုံမှန်အနေအထားသို့ ရောက်ရှိနိုင်ခြင်း မရှိသေးပါ။ မိသားစုတော်တော်များများ အထူးသဖြင့် ငလျင်ဒဏ်အပြင် ပဋိပက္ခဒဏ်ပါခံရသည့်နေရာများရှိမိသားစုများသည် ယာယီအမိုးအကာများတွင် နေထိုင်နေရဆဲ ဖြစ်ပါသည်။

- **အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွတ်လပ်စွာဆောင်ရွက်လျက်ရှိကြောင်း မည်ကဲ့သို့ သေချာစေသနည်း။**

အိုင်စီအာရ်စီသည် ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် အခြေခံမူများအရ လုပ်ငန်းဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းသည် နိုင်ငံရေး သို့မဟုတ် စစ်ရေးအရ လွှမ်းမိုးမှုမရှိဘဲ ဆောင်ရွက်ကြောင်း သေချာစေရန် ကျွန်ုပ်တို့သည် သက်ဆိုင်သူများအားလုံးနှင့် နှစ်ဦးနှစ်ဖက်တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်း နည်းလမ်းကို ဆုပ်ကိုင်ထားပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်စွာသွားရောက်နိုင်ရန်၊ လိုအပ်ချက်ဆန်းစစ်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျ ဆောင်ရွက်နိုင်ရန် နှင့် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာလူထုများကို အထောက်အပံ့ တိုက်ရိုက်ပေးအပ်နိုင်ရန် ညှိနှိုင်းဆွေးနွေးပါသည်။

- **မြန်မာနိုင်ငံတွင် အိုင်စီအာရ်စီသည် မည်သည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသနည်း။**

မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကို ဆောင်ရွက်ရသည်မှာ ရှုပ်ထွေးပါသည်။ ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခ၊ မလုံခြုံမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများ အလျဉ်ပြတ်တောက်ခြင်းတို့က ကျွန်ုပ်တို့အား လိုအပ်နေသူများထံသို့ မည်သို့ရောက်ရှိနိုင်မည်နှင့် မည်သည့်နေရာများသို့ ရောက်ရှိနိုင်မည်ဆိုသည့်အပေါ် သက်ရောက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသွားရောက်နိုင်မှုအား ထိန်းသိမ်းထားရန်နှင့် ပိုမိုသွားရောက်နိုင်ရန် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသကဲ့သို့ ကျွန်ုပ်တို့အား ရှေ့တန်းမျက်နှာစာများကိုဖြတ်ကျော်ပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးသည့် ကြားနေခြင်းနှင့် ခွဲခြားမှုမရှိခြင်း မူတို့ကို ဆက်လက်ဆုပ်ကိုင်ထားပါသည်။

- **မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏လုပ်ငန်းများကို ထောက်ပံ့ကူညီရန် တစ်ဦးချင်းအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်နိုင်သနည်း။**

လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အိုင်စီအာရ်စီ၏ တရားဝင်လှူဒါန်းရန်နေရာမှတဆင့် ပါဝင်လှူဒါန်းခြင်းဖြင့် အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများကို ထောက်ပံ့နိုင်ပါသည်။ ထိုအလှူငွေများက ကျွန်ုပ်တို့ကို အစားအစာ၊ ဆေးဝါးအထောက်အပံ့နှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများအပါအဝင် အရေးကြီးသည့်အကူအညီများကို ထိခိုက်ခံစားရသည့် ရပ်ရွာလူထုများထံသို့ သွားရောက်ပေးအပ်နိုင်ရန် ထောက်ကူပါသည်။

- **အိုင်စီအာရ်စီ၏ မြေလျင်ဆိုင်ရာ တုံ့ပြန်အကူအညီများအတွက် မည်သည့်နေရာတွင် ပါဝင်လှူဒါန်းနိုင်သနည်း။**

လှူဒါန်းမှုများအား အိုင်စီအာရ်စီ၏ တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာမှတဆင့် တိုက်ရိုက်လှူဒါန်းခြင်းဖြင့် အလှူငွေများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများသို့ တိုက်ရိုက် ရောက်ရှိ

နိုင်ပါသည်။ အိုင်စီအာရ်စီသည် ရန်ပုံငွေရှာဖွေရာတွင် အခြားသောကြားခံအဖွဲ့များ၏ စုပေါင်းရန်ပုံငွေရှာဖွေသည့် နေရာများကို အမှီသဟဲပြုခြင်း မရှိပါ။

## - အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသနည်း။

အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား နည်းပညာပိုင်း၊ ငွေကြေးပိုင်းနှင့် ရုပ်ဝတ္ထုပစ္စည်းများ ပံ့ပိုးခြင်းဖြင့် ၎င်း၏ အရေးပေါ်တုံ့ပြန်ကူညီနိုင်စွမ်းကို မြှင့်တင်ပါသည်။ ဤတွင် ရောက်ရှိရန်ခက်ခဲသည့် နေရာများတွင် ရှေးဦးပြုစုမှုဆိုင်ရာသင်တန်းပေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး အကူအညီနှင့် အထောက်အပံ့များ ပေးဝေရာတွင် ပံ့ပိုးကူညီခြင်းတို့ ပါဝင်ပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ကြားနေခြင်းဟူသည့် မူဝါဒကို တိတိကျကျ လိုက်နာခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘုံရည်မှန်းချက်များကို အခြေခံပါသည်။

## - အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါသလား။

ဆောင်ရွက်ပါသည်။ အိုင်စီအာရ်စီသည် လိုအပ်နေသူများထံသို့ အကူအညီများ ထိထိရောက်ရောက် ရောက်ရှိနိုင်စေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်များ နှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ အပါအဝင် အမျိုးမျိုးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တစ်သီးပုဂ္ဂလဆောင်ရွက်သော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေပြီး မည်သည့် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများနှင့်မှ ပူးပေါင်းဆောင်ရွက်ခြင်း မရှိပါ။

## - အိုင်စီအာရ်စီသည် မြန်မာနိုင်ငံအတွင်းရှိ ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို ထောက်ပံ့ကူညီပါသလား။

အိုင်စီအာရ်စီသည် အကျဉ်းသားများအားလုံး၊ မည်သည့်အကြောင်းကြောင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည်ဖြစ်စေ ၎င်းတို့အပေါ် လူသားဆန်သည့် ပြုမူဆက်ဆံမှုများနှင့် သင့်တော်လုံလောက်သည့် နေထိုင်မှုအခြေအနေများ ရှိကြောင်း သေချာစေရန် ဆောင်ရွက်ပါသည်။ သွားရောက်နိုင်ခွင့်သည် အကျဉ်းထောင်တာဝန်ရှိသူများနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် ဆက်လက် ညှိနှိုင်းဆွေးနွေးမှုပေါ်တွင် မူတည်ပါသည်။ အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များအပေါ် အခြေခံကာ အကျဉ်းထောင်အကျဉ်းစခန်းများအားလုံးနှင့် အကျဉ်းသားများအားလုံးထံသို့ သွားရောက်နိုင်ရန် ကြိုးပမ်းပါသည်။ တိကျသည့်နေရာများသို့ သွားရောက်လေ့လာလည်ပတ်နိုင်စွမ်းမှုကား လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် တာဝန်ရှိသူများ၏ သဘောတူခွင့်ပြုချက်ပေါ်တွင် မူတည်သော်လည်း ကျွန်ုပ်တို့၏ လေ့လာလည်ပတ်မှုများကို ကျွန်ုပ်တို့ကိုယ်တိုင်ရွေးချယ်ထားသည့် အကျဉ်းသားများနှင့် သီးသန့်တွေ့ဆုံမေးမြန်းမှုများဆောင်ရွက်ခြင်းဟူသည့် မူက အမြဲတမ်းလမ်းညွှန်လျက်ရှိပါသည်။ ဤထိတွေ့ဆောင်ရွက်မှုသည် တာဝန်ရှိသူများနှင့် ကျွန်ုပ်တို့အကြားရှိ အတွင်းရေးကိစ္စအဖြစ် နှစ်ဦး

နှစ်ဖက်အပြန်အလှန်ဆွေးနွေးမှုအားဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး၊ အကျဉ်းသားများတစ်ဦးချင်းနှင့် သက်ဆိုင်သည့် မှတ်ချက်ပြုခြင်း အပါအဝင် ဤဆွေးနွေးမှုအကြောင်းအရာများကို အများပြည်သူ သို့မဟုတ် အခြားကြားခံအဖွဲ့များ သိရှိစေရန် ဖွင့်ဟပြောဆိုမည်မဟုတ်ပါ။

## - **အိုင်စီအာရ်စီက ဒေါ်အောင်ဆန်းစုကြည်ထံသို့ သွားရောက်တွေ့ဆုံခဲ့ပါသလား။**

သွားရောက်တွေ့ဆုံခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၀၂၆ခုနှစ် ဩဂုတ်လ ၃ရက်နေ့တွင် သွားရောက်တွေ့ဆုံခဲ့ပြီး ဤတွေ့ဆုံမှုသည် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများထံသို့ သွားရောက်တွေ့ဆုံခြင်းဆိုင်ရာ အိုင်စီအာရ်စီ၏ စံချိန်စံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဤတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သီးသန့်စကားပြောဆိုနိုင်သည့် အခွင့်အလမ်းလည်း ပါဝင်ပါသည်။ သူမအတွက် စိုးရိမ်ပူပန်မှုများ မြင့်မားလျက်ရှိသည့် မိသားစုများကို မပျက်မကွက် သတင်းပေးပို့ပါသည်။

ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်သည့်နေရာတိုင်းတွင် ကျွန်ုပ်တို့သည် အကျဉ်းထောင်တွင်းသွားရောက်လည်ပတ်ခြင်းနှင့်သက်ဆိုင်သည့် ရှာဖွေတွေ့ရှိချက်များကို အများပြည်သူသိရှိစေရန် ဖွင့်ဟပြောဆိုခြင်း မည်သည့်အခါမျှ မပြုသကဲ့သို့၊ ကျွန်ုပ်တို့သွားရောက်တွေ့ဆုံခဲ့သည့် လူတစ်ဦးတစ်ယောက်ချင်း၏ အနေအထား၊ အခြေအနေ (သို့မဟုတ်) ဘယ်ဆီဘယ်ဝယ်တွင်ရောက်ရှိနေကြောင်းကို အများသိရှိစေရန် မှတ်ချက်ပြုမည် မဟုတ်ပါ။ ဤကဲ့သို့ အတွင်းရေးကိစ္စအဖြစ်ထိန်းသိမ်းထားရှိခြင်းသည် ကျွန်ုပ်တို့အား အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်နိုင်ခွင့်ကို ရရှိစေသည့်အပြင် ကျွန်ုပ်တို့တွေ့ဆုံခဲ့သူများကို အကာအကွယ်ဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အိုင်စီအာရ်စီက သွားရောက်တွေ့ဆုံခဲ့ခြင်းဆိုင်ရာ ထုတ်ပြန်ကြေငြာချက် အပြည့်အစုံကို ဖတ်ရှုနိုင်ပါသည်။

## - **အိုင်စီအာရ်စီက အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်လည်ပတ်ခဲ့စဉ်အတွင်း တွေ့ရှိခဲ့သည်များကို ဘာကြောင့် အများပြည်သူ သိရှိနိုင်စေရန် မျှဝေခြင်း မပြုသနည်း။**

အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်လည်ပတ်ခဲ့စဉ်အတွင်း ကျွန်ုပ်တို့လေ့လာတွေ့ရှိခဲ့သည်များနှင့်အတူ ကျွန်ုပ်တို့၏ အကြံပြုချက်များကို အကျဉ်းထောင်တာဝန်ရှိသူများနှင့်သာ အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိပြီး သီးသန့် မျှဝေပါသည်။ ဤအရာသည် အိုင်စီအာရ်စီလုပ်ငန်းဆောင်ရွက်သည့် နေရာတိုင်းတွင် ဆောင်ရွက်လျက်ရှိသည့် နည်းလမ်းဖြစ်ပါသည်။

အတွင်းရေးကိစ္စအဖြစ်ထိန်းသိမ်းထားရှိခြင်းသည် ကျွန်ုပ်တို့အား အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်နိုင်ခွင့်ကို ပေးအပ်သကဲ့သို့၊ ဆက်လက်သွားရောက်နိုင်ခွင့်ကို ရရှိစေသည့်အပြင်၊ ကျွန်ုပ်တို့ သွားရောက်တွေ့ဆုံခဲ့သူများကို အကာအကွယ်ဖြစ်စေပါသည်။ ကျွန်ုပ်တို့အား သီးသန့်တွေ့ဆုံစကားပြောဆိုခဲ့သူသည် ၎င်းတို့ပြောဆိုခဲ့သည့် စကားများ အများပြည်သူအကြား ပျံ့နှံ့သွားမည်ကို စိုးရိမ်ရခြင်း မရှိဘဲ ပြောဆိုနိုင်ရမည်။ ကျွန်ုပ်တို့အမှုထားစရာကိစ္စများရှိလာပါက ဤအကြောင်းအရာကို တာဝန်ရှိသူများနှင့်သာ တိုက်ရိုက်ပြောဆိုပြီး အချိန်အတိုင်းအတာတစ်ခုအတွင်း နောက်ဆက်တွဲလေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ပါသည်။

ဆွေမျိုးသားချင်းများအတွက် စိုးရိမ်ပူပန်မှုများ မြင့်မားလျက်ရှိသည့် မိသားစုများကို အိုင်စီအာရ်စီ၏ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်းများနှင့်အညီ မပျက်မကွက် သတင်းပေးပို့ပါသည်။

## - ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှင့်စပ်လျဉ်းပြီး မည်သည်တို့ကို ပြောပြနိုင်ပါသနည်း။

ကျွန်ုပ်တို့ ဒေါ်အောင်ဆန်းစုကြည်ထံသို့ သွားရောက်တွေ့ဆုံခဲ့သည်ကို အတည်ပြုနိုင်ပါသည်။ ဤအရာက လွဲ၍ ပိုပြီး အသေးစိတ်ကျသည့် အချက်အလက်များကို ပံ့ပိုးပေးနိုင်သည့် အနေအထားတွင် မရှိပါ။ ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နေရာတိုင်း၏ အခြေအနေများအတိုင်းနည်းတူ၊ အိုင်စီအာရ်စီသည် ၎င်း၏ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်လည်ပတ်ခြင်းနှင့်ဆိုင်သည့် အသေးစိတ်ချက်အလက်များကို အများပြည်သူသိရှိစေရန် ထုတ်ဖော်ပြောဆိုခြင်းမပြုသကဲ့သို့၊ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အများပြည်သူသိရှိစေရန် မှတ်ချက်ပြုခြင်း မပြုပါ။ ဤကိစ္စနှင့်စပ်လျဉ်းပြီး အများပြည်သူစိတ်ဝင်စားမှု ကြီးမားသည်ကို နားလည်လက်ခံ အသိအမှတ်ပြုပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်မှာ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်လေ့လာလည်ပတ်ပြီး၊ တာဝန်ရှိသူများကို ပြန်လည် အစီရင်ခံတင်ပြပါသည်။

## - လွတ်လပ်ခွင့်ဆုံးရှုံးနေသူများတွင် မည်သည့်အခွင့်အရေးများ ရှိသနည်း။

ဖမ်းဆီးထိန်းသိမ်းခံထားရသူများသည် လူသားဆန်သည့်ဆက်ဆံပြုမူမှုများ ရရှိရမည်ဖြစ်ပြီး ၎င်းတို့၏ လူ့ဂုဏ်သိက္ခာကို အလေးထားလေးစားရမည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေသည် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံများ၊ အကျဉ်းကျခံရသည့်အခြေအနေများနှင့် ၎င်းတို့၏ မိသားစုများနှင့် ဆက်သွယ်နိုင်ခြင်း နှင့်စပ်လျဉ်း၍ ၎င်းတို့အား အကာအကွယ်ပေးထားသည့် ရှင်းလင်းပြတ်သားသည့် စည်းမျဉ်းများကို စီစဉ်တင်ပြထားပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရမှုအခြေအနေများကို လေ့လာဆန်းစစ်နိုင်ရန်၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူများနှင့် သီးသန့်တွေ့ဆုံစကားပြောဆိုရန် နှင့် တာဝန်ရှိသူများနှင့် အကြံပြုချက်များကို အတွင်းရေးကိစ္စအဖြစ်ထိန်းသိမ်းထားရှိ မျှဝေနိုင်ရန် အိုင်စီအာရ်စီသည် ဖမ်းဆီးထိန်းသိမ်းခံထားရသူများထံသို့ သွားရောက်တွေ့ဆုံပါသည်။

လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး ပိုမိုသိရှိလိုပါက **ဖမ်းဆီးထိန်းသိမ်းခံထားရသူများကိုယ်စားဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့၏ လုပ်ငန်း** အမေးအဖြေ စာမျက်နှာတွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

## - အိုင်စီအာရ်စီက အလှူငွေများကို အကျိုးရှိရှိ အသုံးပြုနေကြောင်းကို ကျွန်ုပ်တို့ မည်ကဲ့သို့ သိရှိနိုင်မည်နည်း။

အိုင်စီအာရ်စီသည် ရန်ပုံငွေ အများစုအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများသို့ တိုက်ရိုက်ရောက်ရှိစေခြင်းဖြင့် အလှူငွေများကို အကျိုးရှိရှိ အသုံးပြုကြောင်း သေချာစေပါသည်။ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့သည်

အကူအညီပေးဝေခြင်းအတွက် အများဆုံးဖြစ်စေမည့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူတာဝန်ခံမှု အစီအမံများကို တင်းတင်းကျပ်ကျပ် ချမှတ်ထားပါသည်။

ကျွန်ုပ်တို့၏ **ရန်ပုံငွေနှင့် သုံးစွဲမှုအကြောင်း** ပိုမိုသိရှိလိုပါက ဖတ်ရှုနိုင်ပါသည်။

## - မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ တည်ရှိရာနေရာများသို့ သတင်းထောက်များ လာရောက်လည်ပတ်နိုင်ပါသလား။

ပြည်ဝင်ခွင့်နှင့် သွားရောက်နိုင်ခွင့် အကန့်အသတ်များကြောင့် လက်ရှိကာလတွင် ကျွန်ုပ်တို့သည် သတင်းမီဒီယာများနှင့် တတိယအဖွဲ့အစည်းများ လာရောက်လေ့လာလည်ပတ်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ကျွန်ုပ်တို့သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် အကြောင်းအရာများကို လုပ်ငန်းဆိုင်ရာ အသေးစိတ်ရှင်းလင်းမှုများနှင့် ရုပ်သံဆိုင်ရာပစ္စည်းများအားဖြင့် ပံ့ပိုးပေးနိုင်ပါသည်။